တကယ်လို့မိဘတွေမှာ ဘာလက်မှတ်မှ မရှိဘူးဆိုယင်ကော?



မိဘမှာ ဘာလက်မှတ်မှမရှိယင်တော့ ဆေးရုံကပေးတဲ့ မွေးဖွားကြောင်း သက်သေခံလက်မှတ် (ထောရော ၁/၁) ကိုပဲ သေချာသိမ်းထားပေးဖို့ လိုပါတယ် ။ ဒီလက်မှတ်ဟာ ကလေးကျန်းမာရေးအတွက် ဆေးရုံဆေးခန်း ပြတဲ့အခါပဲဖြစ်ဖြစ် ကျောင်းနေတဲ့အခါမှာပဲဖြစ်ဖြစ် ၊ သက်မွေးဝမ်းကျောင်းပညာရပ် တစ်ခုခု သင်ယူတာပဲဖြစ်ဖြစ် သက်သေခံတစ်ခုခုပြဖို့ အများကြီး အထောက်အကူ ပြုပါတယ်။

မွေးလာတဲ့ကလေးကို ဘာသက်သေခံလက်မှတ်မှ လုပ်မပေးဘူး ဆိုယင်တော့ ဒီကလေးဟာ နိုင်ငံမဲ့ကလေးဖြစ်သွားပါလိမ့်မယ်။

အခုလို ရှင်းပြပေးတာ ကျေးဇူးပါပဲ။ ဒါနဲ့ ဒီထက်ပိုပြီးသိချင်ရင် ဘယ်လိုဆက်သွယ်ရမှာလဲ ?



ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားတွေရဲ့အရေးကို လမ်းညွှန်ဆောင်ရွက်ပေးနေတဲ့ မက် (ပ်) ဖေါင်ဒေးရှင်းကို ဆက်သွယ်လိုက်ပါ။


**မက် [ ပ် ] ဖေါင်ဒေးရှင်း**

**တိုင်းရင်းသားအလုပ်သမားကျန်းမာရေးနှင့်**

**ပညာပေးအစီအစဉ်**

**ချင်းမိုင် ၀၅၃ ၈၁၁ ၂၀၂**

**မဲဆောက် ၀၅၅ ၅၃၆ ၆၇၅ ၊ ၀၆ ၁၈၂ ၁၀၂၁**

**ဖန်းငါး ၀၇ ၆၄၂ ၃၆၆၂**

E mail: map@mapfoundationcm.org

**စာရေးလိုပါက -**

**MAP Foundation**
**P. O. Box 7 ,Chiangmai University P. O.**
**ChiangMai 50202**



ဤလက်ကမ်းစာစောင်ပါ အချက်အလက်များအတွက် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ၂၀၀၂ ခုနှစ် မေလ ၂၂ ရက် နေ့စွဲပါ ကလေးသူငယ်များ မွေးစာရင်းဆိုင်ရာ ထုတ်ပြန်ကြေငြာချက်အမှတ် မောထော ၀၃၁၀၁-၆၉၈၄ ကို မှီငြမ်းပါသည်။






Brochure Baby born layout.pmd 1 21/4/2549, 11:45



အံမယ် ဒီစုံတွဲက ကလေးရလို့ ပျော်နေတာပေါ့လေ။ ကလေးက ဖြူဖြူဖွေးဖွေးချစ်စရာလေးတော့ ဒါနဲ့ ဘယ်ကပြန်လာကြတာလဲ?

ကျွန်တော်တို့ သမီးလေးအတွက် မြို့နယ်ရုံးမှာ မွေးစာရင်း လုပ်ပေးပြီး ပြန်လာတာပါ။

အော်ဟုတ်လား! အိမ်ကညီမလည်း မွေးရက်နီးပြီ ဆိုတော့ ကလေးအတွက် ကြိုတင်ပြင်ဆင်ရအောင်၊ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ပြောပြပါဦး။

ဟုတ်ကဲ့ ကလေးမွေးစာရင်းတင်ဖို့ အတွက် အရင်ဆုံး ကလေး မွေးပေးတဲ့ဆေးရုံက မွေးဖွားကြောင်း သက်သေခံလက်မှတ် ယူရပါတယ်။ အဲဒါကို ထောရော ၁/၁ (ท.ร 1/1) လို့ ခေါ်ပါတယ်။ အဲဒါကိုယူပြီး ၁၅ ရက်အတွင်း ဆေးရုံနဲ့ အနီးဆုံးမြို့နယ်ရုံး ဒါမှမဟုတ် ခရိုင်ရုံးတွေမှာ ကလေးမွေးစာရင်း သွားတင်ရပါတယ်။



အဲလိုသွားတင်တော့ မိဘတွေဖက်ကကော ဘာစာရွက်စာတမ်း၊ အထောက်အထားတွေ ယူသွားရသလဲ?

ကျွန်တော်တို့ ကရွှေ့ပြောင်းအလုပ်သမားတွေ ဆိုတော့ ကျွန်တော်တို့ရဲ့ နေထိုင်ခွင့်လက်မှတ် ထောရော ၃၈/၁(ท.ร 38/1) နဲ့ အလုပ်သမားမှတ်ပုံတင်ကဒ်တွေယူသွားရပါတယ်။

ဒါဖြင့် အဲဒီမွေးစာရင်းကို ကြည့်ရအောင် ၊ ပြစမ်းပါဦး!

ဟုတ်ကဲ့ ဒီစာရင်းကို ထောရော ၃(ท.ร 3)လို့ခေါ်ပါတယ်။ ထိုင်းနိုင်ငံရောက်နိုင်ငံခြားသားတွေ၊ ယာယီနေထိုင်ခွင့်လက်မှတ်ရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေက မွေးလာတဲ့ကလေးတွေအတွက်ပါ ။

ဆေးရုံမှာမမွေးပဲ အရပ်ထဲမှာပဲ အရပ်လက်သည်နဲ့ မွေးတဲ့ ကလေးတွေကျတော့ရော မွေးစာရင်းတောင်းလို့ ရပါ့မလား?





မိဘမှာ ယာယီနေထိုင်ခွင့်လက်မှတ် အထောက်အထားရှိယင် မိဘနေရပ်လိပ်စာထဲမှာပါတဲ့မြို့နယ်ရုံးမှာ မွေးစာရင်း သွားတင်နိုင်ပါတယ်။

အဲဒီမွေးစာရင်းရပြီးရင် ကလေးအတွက် ဘယ်လိုအသုံးဝင်တယ်ဆိုတာ ပြောပြပါဦး ?

အသုံးဝင်တာပေါ့ဗျာ ၊ ဒီမွေးစာရင်းဟာ ကလေးရဲ့အသက်ပါပဲ။ ကလေးအသက်ဘယ်လောက်ရှိပြီလဲဆိုတာ အတိအကျ သိနိုင်ပါတယ် ။ ကလေးမိဘဘယ်သူလဲ ဘယ်နိုင်ငံသားလဲ ဆိုတာ သိနိုင်တယ် ။ မိဘတွေရဲ့အခြေအနေပေါ်မူတည်ပြီး ကလေးမှာ နိုင်ငံသားတစ်ဦးဦး ဖြစ်ပိုင်ခွင့်ရှိတယ်။

Brochure Baby born layout.pmd 2 21/4/2549, 11:45